

# မောင်ကြည်ရှင်

## အိမ်ထောင်ရေးလှောင်အိမ်

ဝတ္ထုတိုများ

mgyoe.com



အဖေနှင့် သား

ရွှေသူခိုးနှင့် ရွှေသက်နိုး

သနပ်ခါးတုံး မီးရှို့သောအမှု

အိမ်ထောင်လှောင်အိမ်

ဝါဆိုပွဲ

သက်တော်ရာကျော် ရှည်စေကြောင်း

ကျေးဇူးပစ်ခံရသော ခွေးကလေး

လှိုင်းပုတ်တဲ့ သောင်

SHS0022

1,500.00 KS

mgyoe.com

mgyoe.com

အိပ်ထောင်လျောင်အိပ် ဝတ္ထုတိုများ မောင်ကြည်ရှင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၂၅ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| – | မောင်ကြည်ရှင်၏ ကိုယ်ရေးအကျဉ်း | (က) |
| ၁။ | အဖေနှင့် သား | ၁ |
| ၂။ | ရွှေသူခိုးနှင့် ရွှေသင်္ကန်း | ၁၈ |
| ၃။ | သနပ်ခါးတုံး မီးရှို့သောအမှု | ၃၈ |
| ၄။ | အိမ်ထောင်လှောင်အိမ် | ၄၉ |
| ၅။ | ဝါဆိုပွဲ | ၆၂ |
| ၆။ | သက်တော်ရာကျော် ရှည်စေကြောင်း | ၆၉ |
| ၇။ | ကျေးဇူးပစ်ခံရသော ခွေးကလေး | ၉၁ |
| ၈။ | လှိုင်းပုတ်တဲ့ သောင် | ၁၀၀ |


◆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## မောင်ကြည်ရှင်
## (၁၉၃၀-၁၉၇၄)

ဘုတလင် ဇာတိ။ ၁၉၃၀၊ ဇူလိုင် ၇ ဖွား၊ အဖ ဦးဘသစ်၊ အမိ ဒေါ်မှီ။ အမည်ရင်း ဦးချစ်စိန်။

ဘုတလင်မြို့နှင့် မုံရွာမြို့တို့၌ ပညာသင်ခဲ့ပြီး ၁၉၅၁ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်သည်။ ရန်ကုန်တက္ကသိုလ်၌ ဥပစာတန်းအောင်အထိ ပညာသင်ခဲ့၏။

၁၉၅၃ မှစ၍ မုံရွာမြို့တွင် အလယ်တန်းပြဆရာ၊ ၁၉၅၇ မှစ၍ မြဝတီမဂ္ဂဇင်းလက်ထောက်စာတည်း၊ ၁၉၆၂ မှစ၍ မြန်မာ့အသံတို့တွင် အမှုထမ်းခဲ့၏။

၁၉၅၉ မှစ၍ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း အတွင်းရေးမှူးတာဝန်ကို ယူခဲ့၏။

မြဝတီမဂ္ဂဇင်းတွင် 'သံကြိုးချည်ထားသောခွက်ကလေး' ဝတ္ထုဖြင့် စာပေလောကသို့ ဝင်ခဲ့၏။

၁၉၇၄၊ ဇွန် ၁၂ တွင် ကွယ်လွန်သည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အဖေနှင့်သား

ကျွန်တော်သည် အဖေ၏ ဒုတိယအိမ်ထောင်မှ ဖွားမြင်သော သားကြီးဖြစ်ပါ၏။ အမေသည် ကျွန်တော်၏အောက်တွင် သားအငယ်တစ်ယောက်နှင့် သမီးကလေးတစ်ယောက်ကို လေးနှစ်စီခြား၍ မွေးဖွားပြီးနောက်ထပ်သားသမီး မရရှိတော့ချေ။

အဖေသည် အမေနှင့် အိမ်ထောင်ကျခါမှ စီးပွားတိုးတက်လာခြင်းဖြစ်၏။ မိဘလက်ဖွဲ့သော ၇ ခန်းအိမ်တန်းလျားကြီး၏ နေရာတွင် ၄ ပင် ၃ ခန်း နှစ်ထပ်တိုက်ကြီးတစ်လုံးကို မြို့ပေါ်တွင် ဟိန်းနေအောင် ဆောက်လုပ်နေထိုင်ခဲ့၏။

အဖေသည် အမေနှင့် မရမီကဆိုလျှင် အဖေ၏ အသက် ၂၀ ကျော် ၂၁ နှစ်အတွင်းလောက်က အဖေသည် မသင်းနွယ်နှင့် မိဘပေးစား၍ လက်ထပ်ယူခဲ့ရလေသည်။ မသင်းနွယ်မှာ အဖေ၏ ဖခင့်ညီအရင်း၏ မိန်းမဘက်မှပါသော တူမတော်သူ ဖြစ်ပါသည်။

အဖေသည် မသင်းနွယ်ကို သူကိုယ်တိုင် ချစ်ကြိုက်စုံမက်၍ ပိုးပန်းယူသည် မဟုတ်ပါ။ မိဘများနှင့် ဘထွေး၊ မိထွေးတို့ သဘောတူပေးစား

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



သဖြင့် လူကြီးမိဘစကားကို နားထောင်ပြီး သားလိမ္မာလုပ်ကာ ယူခဲ့ရခြင်း ဖြစ်ပါသည်။ လင်ရယ်၊ မယားရယ်ဟု ညားပြီးသည့်နောက်တွင်မှ ချစ်ခင်သလောက် ချစ်ခင်ပါလိမ့်မည်။ သို့ရာတွင် ဤအချက်ကိုမူ အဖေက တစ်ကြိမ်တစ်ခါမျှ ပြောမပြဖူးပါ။ ကျွန်တော်ကလည်း အဖေ့ကို မမေးခဲ့ဖူးပါ။

အစက ချစ်သည် မချစ်သည်ကို ကျွန်တော် မပြောတတ်သော်လည်း အဖေ မသင်းနွယ်ကို မကြိုက်သည်ကိုမူ ကျွန်တော် ကောင်းစွာ အကဲခတ်နိုင်ခဲ့ပါသည်။ မသင်းနွယ်နှင့် လမ်းခွဲကြသည်တွင်မူ အဖေသည် မသင်းနွယ်ကို ကြိုက်လည်း မကြိုက်တော့ပါ။ ချစ်လည်း မချစ်တော့ပါ။

အဖေ့မှာ မသင်းနွယ်နှင့် သားနှစ်ယောက် ရခဲ့ပါသည်။ သားအကြီး ကိုဖုန်း နှစ်ခါလည်လောက်တွင် အဖေသည် မသင်းနွယ်နှင့် လမ်းခွဲကြရာ မသင်းနွယ်တွင် အဖေနှင့်ရသော သန္ဓေအရင့်အမာ ပါသွားလေသည်။ နှစ်ခါလည်သား ကိုဖုန်းမှာ သူ့မိခင် မသင်းနွယ်နှင့် ပါသွားပြီး အဖေမှာ သူ့မိဘအိမ်တွင် နေရစ်လေ၏။ မသင်းနွယ်သည် သူ၏အဒေါ်၊ အဖေ၏ ဘထွေးအိမ်တွင် သွားနေလေသည်။

နောက်အိမ်ထောင်ပြုသောအခါ အဖေသည် ၂၆ နှစ် ရှိပါပြီ။ ကျွန်တော်မွေးဖွား၍ လူမှန်းသိတတ်သောအခါတွင် ကျွန်တော်တို့အိမ်နှင့် တစ်လမ်းခြား နောက်ဖေးဝင်းမှာရှိသော တိုက်ကြီး၌ အဖေ၏ဘထွေး နေထိုင်ပြီး ထိုတိုက်မှာရှိသော မသင်းနွယ်သည် အဖေနှင့် အရင်က ရဖူးသည်။ ကိုဖုန်းနှင့် ကိုပြုံးတို့သည် ကျွန်တော်နှင့် အဖေတူ အမေကွဲ ညီအစ်ကိုတော်သည် ဆိုသော အကြောင်းများကို တဖြည်းဖြည်း သိခဲ့ရပါသည်။

အဖေနှင့် မသင်းနွယ်တို့ အဘယ်ကြောင့် လမ်းခွဲခဲ့ကြသည်ကို

mgyoe.com

mgyoe.com



ကျွန်တော် သေချာတိကျ မသိရပါ။ ကျွန်တော်ကလည်း မေးမြန်းစုံစမ်း သမှု မပြုခဲ့ပါ။ သို့သော် ကျွန်တော် အကဲခတ်ရသလောက် ထင်မြင်ချက်ကို ပြောရလျှင် ဝါသနာစရိုက်ချင်းမတူ၊ နှုတ်အာချင်း မတူသောကြောင့်ဟု ပြောလိုပါသည်။ မသင်းနွယ်သည် အမည်ကလေးက နွဲ့သလောက် နှုတ်ကြမ်း အာကြမ်းပြီး အပြောအဆို ရိုင်းပျပျရှိပါသည်။ ဤမျှဆိုလျှင် ပင် အဖေ၏ ရှေးဘဝအကြောင်း သိသာပြီ ထင်ပါသည်။

ကျွန်တော် ကာလသားပေါက် အရွယ်ရောက်သောအခါ အဖေက ကျွန်တော့်ကို စကားတစ်ခွန်း ပြောပါသည်။ ထိုစကားကို ကျွန်တော် ဘယ်တော့မျှ မမေ့ပါ။ မမေ့ရုံသာမက ထိုစကားမျိုးကို အဖေ၏မြေးများ ဖြစ်သော ကျွန်တော့်သားနှစ်ယောက်ကိုလည်း တစ်နေ့သ၌ ကျွန်တော် ပြောရဦးမည် ဖြစ်ပါသည်။

"ငါ့သားကို အဖေ စကားတစ်ခွန်း ပြောရဦးမယ်"

အဖေ့စကားကြောင့် ကျွန်တော် ထိတ်လန့်ပြီး တုန်လှုပ်မိပါသည်။ စီလေးနှင့် ချစ်ကြိုက်နေကြခြင်းကို ကန့်ကွက်မည်လို့လားဟု တွေးပူလိုက်ပါသည်။ သို့သော် အဖေ၏စကားမှာ ကျွန်တော်ထင်သကဲ့သို့ မဟုတ်ဘဲ ဆုံးမစကားသာဖြစ်ကြောင်းကို ပြောမှ သိရပါတော့သည်။

"ငါ့သားလည်း အရွယ်ရောက်လာပြီ၊ အပျိုများတွေ့ရင်လည်း အဖေတို့ပြောကွ၊ မယူခင် သေသေချာချာရွေးကွာ၊ မင်းက နေရာတကာ ကြေးများပါဘိသနဲ့၊ လုံချည်အဆင်ရွေးပြီးမှ မကြိုက်ရင် မဝတ်ဘဲ သိမ်းထားလို့ရတယ်၊ မိန်းမများတော့ ရွေးပြီးမှ မကြိုက်ရင် သိမ်းထားလို့လည်း မရဘူးကွ၊ သူများပေးပစ်လို့လည်း မဖြစ်ဘူး၊ နောက်တစ်ယောက် ထပ်ယူဖို့လည်း မတော်ဘူးကွ၊ ဒီတော့ ကြပ်ကြပ် စဉ်းစားပြီးရွေးကွာ..."

အဖေ ဤသို့ ပြောဆိုဆုံးမနေစဉ်တွင် မလှမ်းမကမ်းမှ လယ်တီဘုရားပြုစုသော ဥတ္တမပုရိသကျမ်းကို ဖတ်နေသည့် အမေက ပြုံးတဲ့ပြီး

mgyoe.com

mgyoe.com



ရယ်မောကာ အဖေ့ကို လှမ်းပြောပါသည်။

"ကိုကလည်းနော် ကိုယ့်သားဖြင့် ငယ်ငယ်ရှိသေးတာ၊ ဒီစကား မျိုးတွေ ဘာကြောင့် ပြောနေရတာလဲ"

အဖေက... "ပြောချိန်တန်လို့ပေါ့ဟာ နင်ကလည်း" ဟု အမေ့ကို ဟန့်တားသလို ပြောလိုက်ပြီး...

"အေး... အဖေတို့ကတော့ မင်းတို့ကို မပေးစားချင်ဘူးကွ၊ အဖေ လည်း မိဘပေးစားတာ ယူခဲ့လို့ မှားခဲ့ဖူးပြီ၊ မင်းတို့ချင်းသာ ပေါင်းရမှာ၊ မင်းကြိုက်ဖို့ပဲ အရေးကြီးတယ်၊ မင်းကြိုက်ရင် အဖေတို့က နှစ်သက်မှာ ပဲ၊ မင်းဘာသာမင်းသာ သေသေချာချာရွေး၊ ခဏခဏတော့ ရွေးပြီး ပြောင်းမယူပါနဲ့ကွာ၊ ယူမိရင်လည်း တစ်သက်လုံးမြဲကွ" ဟု ပြောပြန် သဖြင့် ကျွန်တော်သည် ဟုတ်ကဲ့ တစ်ခွန်းလိုက်လိုက်ရပေ၏။ အဖေ့ စကား ကြားရသည့်အခါ စိတ်ထဲမှ "ငါ အတော် ဟုတ်ပါလား၊ မိန်းမ တောင် ရွေးရတော့မယ့်အရွယ် ရောက်နေပြီ" ဟု စိတ်ကြီးဝင်မိလေ၏။ သို့ရာတွင် ထိုမျှငယ်သောအရွယ်က ကျွန်တော်သည် အဖေ၏ ကြီးမား လှစွာသော မေတ္တာစေတနာအရာကို မတိုင်းထွာတတ်ခဲ့သေးပါ။

ကျွန်တော်သည် လူက အမေ့ကိုတူသော်လည်း စိတ်ကမူ အဖေ့ ကိုတူ၏။ အဖေ့ဘက်က အမျိုးမှ အဟုတ်ထင်၏။ အရွယ်ထောက်၍ စဉ်းစားတတ်သောအခါတွင်မူ သည်လိုစိတ်မျိုး မရှိတော့ပါ။ အမေ့ ဘက်က အမျိုးကိုလည်း ချစ်ရမှန်း၊ ကျေးဇူးတင်ရမှန်း သိလာခဲ့ပါပြီ။ တကယ်ဆိုသော် အမေ့ဘက်ကအမျိုးသည် ကျွန်တော်တို့ မောင်နှမ သုံးယောက်ကို ပြုစုကျွေးမွေးသွန်သင်ဆုံးမ ပဲ့ပြင်ထိန်းကျောင်းပြီး ပိုမို ချစ်ခင်ခဲ့ပေသည်တကား။ ဤသည်မှာ လောက၏ ဓမ္မတာတရား ဖြစ် ပါသည်။ လောကတွင် အမိဘက်က အမျိုးများကသာ ပိုလို့ချစ်တတ် ကြပါသည်။

mgyoe.com

mgyoe.com



ကျွန်တော် စီလေးနှင့် ချစ်ကြိုက်စုံမက်နေကြသည်ကို အဖေနှင့် အမေတို့ သိကြ၏။ အမေက သဘောတူသော လက္ခဏာကို မပြပါ။ အဖေကမူ "ငါ့သား ချစ်လို့ကြိုက်လို့ စုံမက်ရင် ဘယ်သူ့သမီးဖြစ်ဖြစ် သဘောတူမှာပဲ။ ဖေဖေ မဖျက်ဆီးဘူး။ တောင်းရမ်းပေးမယ်။ အေး... ပညာတော့ ဆုံးခန်းတိုင်ရောက်အောင် သင်ကွ၊ ပညာအမွေပေးတာ အမြတ်ဆုံးပဲ။ များများမနေနိုင်တောင် အသက်အစိတ်အထိတော့ နေကွာ၊ အသက်အစိတ်ကျရင် မိန်းမယူတော့၊ ဒီအရွယ်ကျ စဉ်းစားနိုင်ပြီ" ဟု ကျိုးကြောင်းပြောကာ ဆုံးမပါသည်။

အဖေ့စကားကို ကျွန်တော် နားထောင်ခဲ့ပါသလား။ ကျွန်တော်သည် မိုက်၏။ အမြော်အမြင်ရှိသော အဖေ့စကားကို နားမထောင်ခဲ့ချေ။ အသက် ၂၃ နှစ်က ကျွန်တော် မိန်းမရ၏။ အဖေပြောသော အသက်အစိတ်မတိုင်မီ ထိုအရွယ်ငယ်က ကျွန်တော် မိန်းမယူပစ်လိုက်၏။ အဖေပေးသော ပညာအမွေကို ကျွန်တော် ဆုံးခန်းတိုင် မယူလိုက်နိုင်ပါ။ ထို့အတွက် ကျွန်တော်သည် ကြီးစွာ စိတ်မကောင်းခြင်းဖြစ်ရ၏။ ယခုတော့ အဖေသည် ကျွန်တော့်ကို ပညာအမွေမပေးတော့ပါ။ အဖေ့ဆန္ဒအတိုင်း အဖေပေးသော ပညာအမွေကို အဖေ စိတ်တိုင်းကျအောင် မယူလိုက်ရ၍ ယခုအခါ ကျွန်တော် ဝမ်းနည်းရတော့၏။

အဖေသည် သူကိုယ်တိုင် အဝတ်ကို ချွေတာ၏။ အစားကို ချွေတာ၏။ သားသမီးသုံးယောက်ကို မညှိုးငယ်စေရ။ ငွေကို ကြိုးစားရှာဖွေပြီး ကျွန်တော့်ကို ကောလိပ်သို့ပို့၏။ ဒုတိယ ကမ္ဘာစစ်ကြီး၏ဒဏ်ကို ခံခဲ့ရသည့်နောက် အဖေ၏စီးပွားရေးမှာ နာလန်မထူခဲ့တော့ချေ။ ကြိုးကုတ်ရှာဖွေ ချွေတာစုဆောင်း၍ သားသမီးတွေကို ပြုစုခဲ့၏။ ဂျပန်ခေတ်တွင် ဗုံးကြား၊ စက်သေနတ်ကြားမှ လှေဖြင့် အထည်ကြမ်း ကုန်ကူးပြီး ကျွေးမွေးပြုစုခဲ့ရှာ၏။ ကျွန်တော် ကောလိပ်ရောက်တော့ အဖေသည် ရှိသမျှ

mgyoe.com

mgyoe.com



စိန်ထည်၊ ရွှေထည်တွေကို ရောင်းတန်တာရောင်း၊ ပေါင်တန်တာပေါင်၍ ကျောင်းထားခဲ့၏။ ငွေကျပ်တည်းကြောင်းကို တစ်လုံးတစ်ပါဒမျှ မဟာခဲ့ ရှာပါ။ သည်အထဲက ကျွန်တော် မိန်းမယူမည်ဆိုတော့ အဖေသည် တင့်တောင့်တင့်တယ် တောင်းရမ်းပေးရှာပေသည်။ ရန်ကုန်တက္ကသိုလ် တွင် ကျွန်တော် လေးနှစ်နေခဲ့သော်လည်း ရုပ်ရှင်ဝါသနာ၊ စာပေဝါသနာ နောက်သို့ လိုက်နေသဖြင့် အဖေက ရစေချင်သော ဒီဂရီတစ်ခုကိုမှ အဖေ့အတွက်ရအောင် မယူနိုင်ခဲ့ပါ။ သည်တစ်ခုကိုဖြင့် အဖေ့အတွက် ကျွန်တော် ဝမ်းနည်း၍မဆုံး။

အဖေ့စကားကို နားမထောင်ဘဲ ငယ်ငယ်ရွယ်ရွယ် အိမ်ထောင် လှောင်အိမ်တွင်းသို့ ကျရောက်ခဲ့သော ကျွန်တော်မှာ ယခုတော့ အဖေ့ လိုပင် သားသမီး သုံးယောက် ရှိနေပါပြီ။ အကြီး နှစ်ယောက်မှာ သား တွေဖြစ်ပြီး အငယ်ဆုံးမှာ သမီးဖြစ်ပါသည်။

ကျွန်တော့်မှာ ငွေကြိုးလှုပ်ခြင်းကို ကြုံရသောအခါ အဖေ့ကို ချက် ချင်းသတိရမိ၏။ အမေက သမီးလေးမွေးသောအခါ အဖေသည် သမီး ဆို မလိုချင်သဖြင့် "နွားမသာဖြစ်ရင် ရောင်းစားသေးရဲ့" ဟု ဆိုခဲ့ပုံကို တွေးမိ၏။ နောက်တော့ အဖေသည် သမီးကလေးကို အချစ်ဆုံးဖြစ်၍ နေတော့၏။

ကျွန်တော်သည် အဖေ့နည်းတူပင် သမီးဆို မလိုချင်ထဲကဖြစ် သည်။ နောက်တော့မှ အဖေ့လိုပင် သမီးကလေးကို အချစ်ဆုံးဖြစ်နေဦး မည်လား မပြောတတ်ပါ။

အဖေသည် အမေနှင့် ညားသောအခါ အိုးအိမ်တည်ထောင်၍ သီးခြားလွတ်လပ်စွာ နေကြ၏။ ကျွန်တော့်မှာ မိန်းမယူပြီး အိမ်ထောင် မပြုနိုင်ဘဲ သူ့အိမ်တစ်လှည့်၊ ကိုယ့်အိမ်တစ်လှည့် နေခဲ့ကြရ၏။ ရန်ကုန် တွင် အခြေအနေစိုက်တော့မည်ဟု ရွာမှထွက်လာသောအခါ ကျွန်တော့်

mgyoe.com

mgyoe.com



အိမ်သူသည် သားဦးကလေးနှင့်အတူ သူ့မိဘထံ နေရစ်ခဲ့လေ၏။ ရန်ကုန်တွင် အလုပ်အကိုင်နှင့် အခြေစိုက်မိသောအခါ ကျွန်တော်သည် ရွာသို့ပြန်၍ သားမယားကို ခေါ်ပါ၏။ သို့သော်လည်း သူသည် ရန်ကုန်တွင် မပျော်ပါ။ သားကလေး နှစ်ခါလည်သားတွင် သူ့မိဘများရပ်ထံသို့ ပြန်သွားလေ၏။ ထိုအခါ သူ့တွင် ဒုတိယသန္ဓေသားသည် ပါသွားလေသည်။

ကျွန်တော်သည် အဖေ့ကို သတိရမိ၏။ အဖေသည် မသင်းနွယ်နှင့် လမ်းခွဲကြသောအခါက ကိုဖုန်း နှစ်ခါလည်အရွယ်၊ ကိုပြုံး သန္ဓေအရင့်အမာနှင့်ပါတကား။

စိတ်ထဲက မည်သို့မျှ မဥပဒ်သော်လည်း သည်နေရာမှာ အဖေနှင့်တူမည်ကို ကျွန်တော် အမှန်ပင် စိုးကြောက်မိပါ၏။ ကျွန်တော်နှင့် သူသည် မည်သို့မျှ မဖြစ်ကြပါ၊ မေတ္တာမပျက်ကြပါ။ သို့သော်လည်း ကျွန်တော်က ဖအေတူသားမို့ နေရာတိုင်းမှာ အဖေနှင့်တူနေမည်ကို သွေးက လန့်နေခြင်းသာ ဖြစ်ပါသည်။

တစ်ခုတော့ ရှိပါသည်။ ကျွန်တော် ကောလိပ်တုန်းက ကိုင်ရို၏ လက္ခဏာကျမ်းတွေကို ဖတ်ဖတ်ပြီး သူငယ်ချင်းတွေ့တိုင်း လက်ဆွဲဆွဲကြည့်လေ့ရှိရာက ကိုယ့်လက္ခဏာကိုယ် ပြန်ဖတ်မိပါသည်။ အိမ်ထောင်ရေးလမ်းကြောင်းနှစ်သွယ်သည် ကျွန်တော့်လက်ဝါးပြင်ထက်ဝယ်ထင်ထင်ရှားရှားကြီး ပါရှိနေပေ၏။ ကျွန်တော် အဖေ့လက်ကို ယူကြည့်သောအခါတွင်မှ အံ့သြရတော့၏။ အဖေ့လက္ခဏာနှင့် တထေရာတည်းပါတကား။

ကျွန်တော့်အိမ်သူသည် ဒုတိယသားကို ကျွန်တော့်မျက်ကွယ်တွင် ဖွားမြင်လေသည်။ ထိုအခါတွင် ကျွန်တော့်မှာ မျက်လုံးပြူးစရာကိစ္စ ပေါ်၍လာပါပြီ။

mgyoe.com

mgyoe.com



ကျွန်တော်သည် ဗိုက်အောင့်သောရောဂါဖြင့် ဆေးရုံကြီးသို့ တက်ခဲ့ရာက သူ့ကို စတင်သိကျွမ်းခဲ့ရ၏။ သူသည် ရန်ကုန်ဆေးရုံကြီးမှ သူနာပြုဆရာမလေးတစ်ဦး ဖြစ်ပါ၏။ သူ၏အမည်မှာ မသန်းနွယ် ဖြစ်ပါသည်။

ကျွန်တော်သည် အဖေ့ကို သတိရမိပါ၏။ အဖေ၏ အထက်မယားသည် မသင်းနွယ်ဖြစ်၏။ ယခု ကျွန်တော်သည် ထိုအမည်နှင့် ဆင်ဆင်တူသော သူ့ကို တွေ့ရပါပြီ။ အမည်ကလေးက မသန်းနွယ်ဟု ခေါ်သည်။

မြင်လျှင်မြင်ချင်းမှာပင် မသန်းနွယ်နှင့် ကျွန်တော်သည် ရင်တွေခုန်ကာ တုန်လှုပ်မိကြပါသည်။ တစ်ဦးကိုတစ်ဦး မရိုးသော မျက်လုံးများနှင့် ကြည့်ခဲ့ကြပါသည်။ ကျွန်တော့်တစ်သက်တွင် မြင်မြင်ချင်း ချစ်သည်ဟူသော အဖြစ်ကို မသန်းနွယ်နှင့် တွေ့ခါမှ ခံစားရမိပါတော့သည်။ ဟိုတုန်းက ကျွန်တော်သည် "မြင်မြင်ချင်းချစ်တယ်ဆိုတာ ဖြူစင်သန့်ရှင်းတဲ့ မေတ္တာ မဟုတ်နိုင်ဘူး" ဟုထင်ခဲ့မိရာ ယခုမှပင် ထိုအထင်သည် မမှန်ကြောင်းကို သိရပါသည်။ မသန်းနွယ်ကို မြင်မြင်ချင်းပင် တစ်ခါတည်း ချစ်လိုက်မိပေတော့၏။

ကျွန်တော်သည် ရှေးဘဝ နောက်ဘဝကို အယူမရှိသဖြင့် ရှေးရေစက်ကို လွှဲမချလိုပါ။ သို့သော် မသန်းနွယ်ကိုတော့ အမှန်ပင် မြင်မြင်ချင်း ချစ်မိပါပြီ။ ကျွန်တော်၏ အိမ်ထောင်သက် ခုနစ်နှစ်အတွင်း မည်သည့်မိန်းမပျိုကိုမျှ ဖောက်ပြားသောမျက်စိဖြင့် ကျွန်တော် မကြည့်ဖူးပါ။ ချစ်သောစိတ်များလည်း မဖြစ်ပေါ်ခဲ့ဖူးပါ။ ကျွန်တော့်အိမ်သူကိုသာ သစ္စာရှိစွာ ချစ်ခဲ့ပါသည်။ ယခုမူ ကျွန်တော်သည် အိမ်သူခင်ကို သစ္စာဖောက်ရာ ကျလေပြီလား။

မသန်းနွယ်ကလည်း ကျွန်တော့်အပေါ် စိတ်ဝင်စားမှုကို ပြပါ

mgyoe.com

mgyoe.com



သည်။ ကျွန်တော်ရေးသော ဝတ္ထုတွေကိုဖတ်ပြီး ကျွန်တော့်ကို သူသည် စိတ်ထဲက ရင်းနှီးနေပါသည်။

မသန်းနွယ်ကိုမှ ကျွန်တော်သည် ဘာကြောင့် မြင်မြင်ချင်း ချစ်မိရပါလိမ့်။ ကျွန်တော်သည် အကြောင်းကို ရှာပါ၏။ သို့သော် အချည်းနှီးပင် ဖြစ်ပါသည်။

ကျွန်တော်က မသန်းနွယ်ကို ညီမလေးအရင်းပမာ ခင်မင်မိပါသည်ဟု ပြောရာ မသန်းနွယ်က မယုံခဲ့ချေ။ အမှန်တော့ တကယ်လည်း ယုံနိုင်စရာ မရှိပါ။

"အစ်ကိုကြီးမှာ ညီမလေးတစ်ယောက် ရှိတယ်၊ နွယ်နဲ့ တစ်ရွယ်တည်းပေါ့၊ နွယ်သာ ကိုကြီးညီမလေး ဖြစ်လိုက်ပါတော့လားကွယ်"

"အစ်ကိုကြီးဟာ အစ်ကိုကြီးစိတ်ကို လှည့်စားနေတာပါ၊ အစ်ကိုကြီးစိတ်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ နွယ် သိပါတယ်၊ အစ်ကိုကြီး နွယ့်ကို မညာချင်ပါနဲ့တော့"

ကျွန်တော်သည် မသန်းနွယ်ကို ဘာပြန်ပြောရမည် မသိတော့ပါ။ သူသိတယ်ဆိုသည်မှာ မှန်နေပါသည်။ သူပြောသလို ညာမနေဘဲ သူသိပြီးသည်ကို ဖွင့်ပြောလိုက်ရန် ကျွန်တော် စိတ်ကူးမိပါသည်။

ကျွန်တော်သည် အဖေ့ကို သတိရမိပါ၏။ လုံချည်အဆင်ရွေးသလို မိန်းမကို ခဏခဏ မရွေးနှင့်ဟု အဖေက ဆုံးမသည်။ ရွေးမိလျှင်လည်း တစ်သက်လုံး မြဲအောင်ပေါင်းဟု ဆိုသည်။ အဖေ့ကိုသာမက ဇနီးခင်နှင့် သားကလေးနှစ်ယောက်ကိုပါ သတိရမိသောအခါ မသန်းနွယ်ကို ဖွင့်မပြောရက်နိုင်ပါပြီ။

ကျွန်တော်သည် ဆေးရုံက ဆင်းခဲ့သောအခါ မသန်းနွယ်နှင့် စာချင်း အဆက်အသွယ် လုပ်ကြပါသည်။ တစ်ခါတစ်ရံ သူအားသော နေ့မျိုးတွင် ကန်တော်ကြီး ဗိုလ်ချုပ်ပန်းခြံသို့ ထွက်ကာ တစ်နေကုန်

mgyoe.com

mgyoe.com


စကားပြောကြပါသည်။ ကျွန်တော်နှင့် မသန်းနွယ်ရေးကြသော စာတွေမှာ တစ်စောင်ထက်တစ်စောင် ပို၍ ရင်းနှီးလာသည်။ တစ်စောင်ထက် တစ်စောင် ပို၍ နယ်ကျွံလာသည်။ နောက်ဆုံးတွင် မသန်းနွယ်ကြားလိုသော စကားကို ကျွန်တော်က စာနှင့် ရေးပြောသောအခါ ကျွန်တော် ရလိုသောဆုကို သူက ပေးခြင်းဖြင့် မသန်းနွယ်နှင့် ကျွန်တော်သည် အတိအလင်း ချစ်ကြိုက်မိကြလေတော့သည်။

ကျွန်တော်သည် အဖေ့စကားကို နားမထောင်ဘဲ မိုက်တွင်းနက်မိပြန်ပါပြီ။ ထို့ထက် ငယ်ရွယ်နုနယ်သူ နှမကလေးအရွယ် မသန်းနွယ်၏ ဖြူစင်သန့်ရှင်းသော စိတ်ကလေးကို အချစ်ဆေးသုတ်ကာ ညစ်မည်းစေခဲ့ပါပြီ။ ဤမိုက်ပြစ်အတွက် မသန်းနွယ်ကသာ ဒဏ်ခတ်မည်ဆိုလျှင် ကျွန်တော်က ကြည်ဖြူစွာ ခံယူနိုင်ပါသည်။

ကျွန်တော်သည် မသန်းနွယ်ကို လိမ်ညာ၍ မချစ်လိုပါ။ ထို့ကြောင့် ကျွန်တော့်အဖြစ်ကို ဟုတ်တိုင်းမှန်ရာ စာရေး၍ ဖြောင့်ချက်ပေးလိုက်ပါတော့သည်။ မသန်းနွယ်မျက်ရည်နှင့် ရေးလိုက်သောစာကို ရသောအခါ ကျွန်တော်သည် သူ့အတွက် များစွာ ဝမ်းနည်းပြီး ယူကျုံးမရ ဖြစ်ရပါသည်။ သူ့တစ်သက်တာတွင် ပထမဦးစွာ ချစ်ဦးသူအဖြစ် ကျွန်တော့်ကို ချစ်ကြိုက်မိခါမှ မလွတ်လပ်သူမှန်းသိရ၍ သူ့အဖြစ်ကို ရင်နာမိပါသည်။ သို့သော်လည်း ကျွန်တော့်ကို စိတ်မနာနိုင်ပါ၊ မမုန်းနိုင်ပါဟု ရေးလိုက်ရာ ကျွန်တော့်အသည်းတွေ ကျွမ်းရပါတော့သည်။ မသန်းနွယ်ကို ကျွန်တော်များစွာ သနားသွားပါသည်။ ကျွန်တော်ကသာ ဇနီးခင်ကို ကွာရှင်းနိုင်လျှင် ကျွန်တော့်ကို ကြည်ကြည်ဖြူဖြူ ယူနိုင်ပါသည်။ တစ်သက်မှာ ကျွန်တော် တစ်ယောက်ကိုသာ ချစ်တော့မည်ဟု သနားစဖွယ် ရေးလိုက်ရာ ကိုယ်မွေးသော မီးအတွက် ကျွန်တော့်မှာ အပူမီး တောက်လောင်ရပါတော့သည်။

mgyoe.com

mgyoe.com


ကျွန်တော်သည် မသန်းနွယ်အပေါ် သနားစိတ်က လွှမ်းကဲနေပါ၏။ ချစ်မိတာ မှားလေခြင်းဟု ကိုယ့်ကိုယ်ကိုယ် အပြစ်ဖို့မိသော်လည်း သူချစ်ကိုယ်ချစ် အတူတူဖြစ်ကြသည့်အတွက် အသည်းနှလုံး၏ ဥပဒေအရ မှန်တာပါပဲလေဟု ဖြေဖျောက်ရပါသည်။

ကျွန်တော့်မှာ ပထမဇနီးရှိနေကြောင်းကို စောစီးစွာ ဖွင့်ဟဝန်ခံသည်ကိုပင် မသန်းနွယ်က အပြစ်မတင်ရုံသာမက ချီးမွမ်းသလို ပြောဆိုနေပြန်ပါသည်။ သူ့ကို လိမ်ညာ၍ လက်ထပ်ခြင်းမပြုသည်ကို ကျွန်တော့်အား သူက ကြည်ညိုလေးစားနေပြန်ပါ၏။ ကျွန်တော်ကလည်း လူပျိုပါပဲဟုဆိုကာ မသန်းနွယ်ကို လိမ်ညာ၍ မယူရက်နိုင်ပါ။ ကျွန်တော့်အား မြင်မြင်ချင်း ချစ်ကြိုက်နေသူကလေးကို ကျွန်တော် မညာရက်နိုင်ပါ။ ကျွန်တော့်စိတ်ရင်းကိုကလည်း လိမ်ညာထိမ်ဝှက်ထားခြင်း မပြုတတ်ပါ။

မသန်းနွယ်နှင့် ချစ်ကြိုက်စုံမက်ကြသည့်နောက် မသန်းနွယ်နှင့်အတူနေလိုက်ချင်သည့် စိတ်များသည် ကျွန်တော့် သန္တာန်ဝယ် လွှမ်းမိုးကဲလွန်၍ လာပေ၏။ မသန်းနွယ်ကို ချစ်ရာမှာ မြင်မြင်ချင်းချစ်ခဲ့မိသောရူပါအဆင်းကိုသာမက သူ၏အရည်အသွေးနှင့် စိတ်နေသဘောထားဝါသနာကလေးများကိုပါ ချစ်ခင်မြတ်နိုးမိခြင်း ဖြစ်ပါ၏။ ကျွန်တော့်အဖို့ မသန်းနွယ်သည် အဆင်းရော အချင်းပါ ပြည့်စုံသူပါတကား။

ကျွန်တော့်အဖြစ်မှန်ကို ပြောပြပြီးသည့်နောက်တွင်လည်း ကျွန်တော်နှင့် မသန်းနွယ်သည် မပြတ်စဲကြပါ။ သံယောဇဉ်သည် ကြီးစွာ နှောင်မိကြပါပြီ။ စာချင်းလည်း ဆက်သွယ်ကြပါသည်။ လူချင်းလည်း တွေ့ကြပါသည်။ မသန်းနွယ်နှင့် ကျွန်တော်မှာ မောင်ချစ် နှမချစ်လည်း မဟုတ်ပါ။ လင်ချစ်မယားချစ်လည်း မဟုတ်ပါ။ ကာမဂုဏ်အညစ်အကြေးကင်းသော ထောင့်ငါးရာ အဖြူချစ်ဟု ခေါ်ချင်ပါသည်။

mgyoe.com

mgyoe.com


ကျွန်တော်က နတ်ကို လက်မခံ၊ ရိုးရာနတ်မရှိ၊ မိဆိုင်ဖဆိုင် နတ်မရှိ။ ဗုဒ္ဓ၏ ဝါဒအစစ်အမှန် ရှာနေသူဖြစ်ပါ၏။ မသန်းနွယ်က ကျွန်တော့်ထက်တောင် ပြင်းထန်ချင်သည်။ အိမ်မှာ ဘုရားစင်မထား၊ ဆင်းတုရုပ်မထား၊ ဘုရားရှိခိုးတွေတောင် မေ့ကုန်ပြီဟု ပြောလေရာ ထိုအပြောကလေးကိုပင် ချစ်စရာကလေးဟု ကျွန်တော် မြင်၏။

မသန်းနွယ်သည် သီချင်းဆိုဝါသနာပါ၏။ စာပေဝါသနာပါ၏။ အားလျှင် စာအုပ်တွေ ထိုင်ဖတ်နေတတ်သည်။ သည်အကျင့်ကလေးတွေကိုလည်း ကျွန်တော် ချစ်၏။ ကျွန်တော်က နတ်ရှင်နောင် ရတုအကြောင်းကိုပြောလျှင် မသန်းနွယ်က နဝဒေးကြီး၏ ရတုတွေမှ နတ်ရှင်နောင် ဘယ်သို့တု၍ ရေးပုံကိုပြောနိုင်၏။ မသန်းနွယ်သည် ကျွန်တော့်အိမ်သူ ဖြစ်လာလျှင် ကျွန်တော်နှင့် စကားစမြည် ပြောဆိုဆွေးနွေးနိုင်မည့်သူ ဖြစ်လေသည်။ သည်အဖြစ်ကို ကျွန်တော် များစွာ တောင့်တမိပေသည်။ ကျွန်တော့်ဝါသနာ အယူအဆတွေနှင့် ကိုက်ညီလှပေရာ မသန်းနွယ်သည် ကျွန်တော့်ကို များစွာ အကူအညီပေးနိုင်မည့်သူ ဖြစ်ပါသည်။

အကယ်၍ မသန်းနွယ်နှင့် ကျွန်တော် ညားကြပြီဆိုလျှင် ကျွန်တော့်နောက်သို့ တစ်ပါတည်း လိုက်၍ မိဘနှင့် မွေးချင်းပေါက်ဖော်များကို ခွဲခွာခဲ့နိုင်ပါမည်လားဟု ကျွန်တော်က မေးမြန်းသမှု ပြုသောအခါ မသန်းနွယ်သည် ကျွန်တော့်ထက်သည်းကာ သူ့ထက်ကဲ ဖြစ်၍နေပေတော့သည်။ မိဘမွေးချင်းများနှင့် နေချင်လျှင် ကျွန်တော့်ကို လက်မထပ်ပါဘူးဟု မသန်းနွယ်က ဆိုလေသည်။ အမိအဖကိုလည်းကောင်း၊ မွေးပေါက်ဖော်များကိုလည်းကောင်း ဘဝကြင်ဖော်ဖြစ်မည့်၊ ၎င်းပြင် သူ့ဘဝ၏ အရှင်သခင်ဖြစ်မည့် ကျွန်တော့်ထက် ပို၍မတွယ်တာပါဘူးဟု မသန်းနွယ်က ပြောလေသည်။ ရန်ကုန်သို့ သူနာပြုဆရာမသင်တန်းတက်ရန်

mgyoe.com

mgyoe.com


ထွက်လာကတည်းက အိမ်ကို ပြန်မဝင်တော့ဘူးဆိုသော ဆုံးဖြတ်ချက်နှင့် ဖြစ်ပါသည်။

ဇနီးခင်တွင် ကျွန်တော်မြင်ချင်သော အရည်အသွေးများသည် မသန်းနွယ်တွင် လာ၍ တွေ့နေရသောအခါ ကျွန်တော်သည် မသန်းနွယ်နှင့် ပေါင်းသင်းနေထိုင်လိုသော စိတ်ဓာတ်များ ပြင်းပြစွာ ဖြစ်ပေါ်လာပါတော့သည်။ မသန်းနွယ်နှင့် ကျွန်တော် ဘာကြောင့်များ အသက် သည်လောက်ကွာခြားပြီး တစ်မြို့စီ မွေးလာရတာလဲဟု ကျွန်တော် ညည်းညူမိပါသည်။

မသန်းနွယ်က သူ့မိဘနှင့် မွေးပေါက်ဖော်များကို ခွဲခွာနိုင်သလောက် ဇနီးခင်ကမူ မသန်းနွယ်နှင့် ဆန့်ကျင်ဘက်ဖြစ်ပါသည်။ မသန်းနွယ်က မိဘဆွေမျိုးများကို ဖဲခွာ၍ ကျွန်တော်၏နောက်သို့ လိုက်ပါမည်ဟူသော စကားကို ပြောကြားစဉ်တွင် ဇနီးခင်မှာ ကျွန်တော်၏အပါးတွင် မရှိပါ။ မသန်းနွယ်ကပင် ကျွန်တော့်တို့လင်မယား ကွဲနေကြပြီဟု ထင်နေပါသည်။

မသန်းနွယ် ထင်မည်ဆိုက ထင်စရာပင် ဖြစ်ပါသည်။ ဇနီးခင်သည် မိဘများရပ်ထံသို့ပြန်၍ ကလေးမျက်နှာမြင်သည့်နေ့ကစ၍ ယနေ့ထက်တိုင် ကျွန်တော့်ထံသို့ ပြန်၍မလာခဲ့ပါ။ ကျွန်တော်သည်လည်း ငွေကြိုးလှုပ်ခြင်းကို သိရသည်မှအပ သမီးငယ်သည် ဖြူသလား၊ မည်းသလားဟု ယနေ့တိုင် မမြင်ဖူးသေးပါ။

ကျွန်တော်သည် ဇနီးခင်အား ပြန်လာခဲ့ပါဟု မှာကြားခြင်းမပြုပါပြီ။ ကျွန်တော့်ထက် သူ့မိဘများကို အရေးယူ ဂရုစိုက်နေသဖြင့်လည်း ကျွန်တော်က သူ့သဘောအတိုင်း သူ စိတ်ချမ်းသာရာမှာ နေပေစေတော့ဟု သဘောထားလိုက်ပါတော့သည်။

ဇနီးခင်က ကျွန်တော့်ထံသို့ ပြန်မလာပါဘူးဟူ၍တော့ မဆိုပါ။

mgyoe.com

mgyoe.com


ကျွန်တော့်ကို ရန်ကုန်ကပြန်လာပြီး သူနှင့်အတူ သူ့မိဘများထံနေရန်၊ သို့မဟုတ် သူ ကျွန်တော့်ထံ လိုက်လာရလျှင် သူ့မိဘများပါ ခေါ်ဆောင်လာခဲ့ပြီး ကျွန်တော်နှင့်အတူနေရန် ဟူသော ရာဇသံကို ပေးပါသည်။

ကျွန်တော့်အဖို့ ရန်ကုန်မြေကလွဲလျှင် ဤမြန်မာတစ်နိုင်ငံလုံးတွင် အဘယ်နေရာမှာမျှ မနေနိုင်ပါ။ ၎င်းပြင် ကျွန်တော်သည် ကျွန်တော့်ဘာသာကျွန်တော် စိတ်ကြိုက် အလွတ်လပ်ဆုံးနေချင်သူ ဖြစ်ပါသည်။ ကျွန်တော့်မိဘနှင့်ပင် မနေဘဲ သီးခြားခွဲနေသူ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ဇနီးခင်၏ ရာဇသံကို မည်သို့မျှ အကြောင်းမပြန်ဘဲ ခေါက်၍ထားလိုက်ပါတော့သည်။

အမှန်မှာလည်း စိတ်တူ သဘောတူ ချစ်ရမည့် မသန်းနွယ်ကို ရရှိနေသဖြင့် ကျွန်တော်သည် ဇနီးခင်အပေါ် တင်းမာလိုက်ခြင်း ဖြစ်ပါသည်။

မသန်းနွယ်သည် လွတ်လပ်ခြင်းကို ကျွန်တော်နှင့် ထပ်တူမက ကျွန်တော့်ထက်ပင် ပို၍လိုချင်သူ ဖြစ်ပါသည်။ သူ့မိဘ၊ ကျွန်တော့်မိဘနှင့် အတူနေဖို့ဝေးစွ၊ ကျွန်တော်နှင့် သူ ညားကြလျှင် ကလေးတောင် မလိုချင်ဟုဆိုပါသည်။ တစ်လောကလုံးမှာ မောင်နှင့်တူတူ နှစ်ယောက်တည်းသာ နေချင်သည်ဆိုသော အချစ်မျိုး ဖြစ်ပါသည်။

ဤနေ့သည် ကျွန်တော်မမြင်ဖူးသေးသော ကျွန်တော်၏သမီးငယ် အခါလည်ပြည့်သော တစ်နှစ်မြောက်မွေးနေ့ ဖြစ်ပါသည်။ ၎င်းပြင် မသန်းနွယ်က ကျွန်တော့်ကို ခြေရာဖျောက်သွားသည်မှာ သုံးလပြည့်သော နေ့လည်း ဖြစ်နေပြန်ပါသည်။

ဇနီးခင် ကျွန်တော့်ထံမှ ထွက်ခွာသွားသည်မှာ ၁၄ လ တိုင်တိုင် ကြာခဲ့ပါပြီ၊ ထိုကာလအတွင်း မသန်းနွယ်နှင့် ကျွန်တော် ၁၄ ကြိမ် နှစ်ပြန် တွေ့ခဲ့ကြပါသည်။ နောက်ဆုံးတွေ့သောအခါက မသန်းနွယ်က

mgyoe.com

mgyoe.com


သူ အလုပ်ပြောင်းရမည်ဟု ပြောပါသည်။ ဘယ်သို့ပြောင်းရမည် မသိသေးကြောင်းနှင့် သိရသောအခါမှ စာရေးလိုက်မည့်အကြောင်းကို ပြောပြီး စာမလာ၊ သတင်းမရနှင့်ရှိသည်မှာ ယနေ့ သုံးလပြည့်ခဲ့ပါပြီ။

"ခိုးစားရတဲ့သစ်သီးကမှ ပိုချိုတယ်ထင်ပါရဲ့။ ဒါပေမဲ့ ချစ်မိတဲ့သူက မလွတ်လပ်သူဖြစ်နေလို့ ညီမလေး စိတ်ဆင်းရဲလှပါတယ်။ အစ်ကိုကြီးရဲ့ အိမ်ရှင်မလက်ထဲက ညီမလေး လုမယူပါရစေနဲ့ အစ်ကိုကြီးရယ်" ဟု မသန်းနွယ်က သူ၏နောက်ဆုံးစာတွင် ရေးလိုက်ပါသည်။ မသန်းနွယ် ကျွန်တော့်ကို ဘယ်တော့မှ မမုန်းဘူးဆိုသည်ကို ကျွန်တော် ယုံကြည်ပါသည်။ သူရေးလိုက်သလို လုမယူချင်သောကြောင့် ခြေရာဖျောက်သွားသည်ဟုသာ ယူဆရပါတော့သည်။

အရာရာတွင် အဖြေကိုတူသော ကျွန်တော်သည် ဤနေရာတွင် အဖြေကိုတူမလား၊ မတူဘဲနေမလား ဆိုသည်ကိုမူ အချိန်ကာလကပင် ဆုံးဖြတ်ပါလိမ့်မည်။ ကျွန်တော်ကမူ ဇနီးခင်ထံ သူ၏ရာဇသံကို မည်သို့မျှ အကြောင်းပြန်လိမ့်မည် မဟုတ်သည်မှာ သေချာလှပါ၏။ သူ့ဘာသာပြန်လာလျှင်တော့ ကျွန်တော်က လက်ခံရမည်ပင် ဖြစ်ပါသည်။ ကျွန်တော်ကတော့ လိုက်၍မခေါ်။ သစ်ပင်ဟူသည် သစ်သီးတစ်လုံးတည်း ဘယ်တော့မျှ မသီးသလို လောကကြီးသည်လည်း မိန်းမတစ်ယောက်တည်း ဘယ်တော့မျှ မဖန်ဆင်းပါဘူးဟု မသန်းနွယ်အားကိုးနှင့် ကျွန်တော် ပြောလိုက်ချင်ပါသည်။

တစ်ဖက်တွင် ဤလိုပြောပြီး ကျန်တစ်ဖက်တွင်လည်း ယခုလို ပြောဖို့ လိုပါလိမ့်ဦးမည်။

"ညီမလေးရေ... အစ်ကိုကြီးကို ညီမလေး လုယူစရာ မလိုတော့ပါဘူး၊ ကိုယ်ယောင်ပြလှည့်ပါတော့ နွယ်"

ဤနေရာတွင် ကျွန်တော်သည် ဘယ်တော့များမှ အဖေနှင့်တူလေ

mgyoe.com

mgyoe.com


မည်ကို မသိတတ်နိုင်တော့ပါ။

အကယ်၍ မသန်းနွယ်သည် ကျွန်တော့်ကို ကိုယ်ယောင်ပြလာပါလျှင် ထိုပြလာသောနေ့သည်ပင် ကျွန်တော်သည် အဖေနှင့်တူတော့မည့်နေ့ ဖြစ်ပေလိမ့်မည်။

**(ကိုယ်ယောင်ပျောက်သူသို့)**

မြဝတီ၊ ဖေဖော်ဝါရီ၊ ၁၉၆၃။

◆

mgyoe.com



mgyoe.com

mgyoe.com

## ရွှေသူခိုးနှင့် ရွှေသက်န်း

"ဖေဖေ... ရုပ်ရှင်ကြည့်မယ်"

ကျွန်တော်၏သား မောင်ဝန်ချင်းက ပူဆာသည်။ သူသည် ရုပ်ရှင်အလွန်ဝါသနာပါသည်။ ရုပ်ရှင်ရုံနားရောက်လျှင် ဝင်ကြည့်ရမှ ကျေနပ်သူဖြစ်သည်။ ယခုလည်း ကျွန်တော်သည် ချင်းတွင်းမြစ်ကမ်း ကျောက်ဆောင်ဆိပ်မှ လေညင်းခံ၍ ပြန်အလာ မြစန္ဒာရုပ်ရှင်ရုံအနီးသို့ အရောက်တွင် သားဖြစ်သူက ပူဆာနေခြင်း ဖြစ်ပါ၏။ သား ကျေနပ်ပါစေတော့ဟု ပိုစတာများသို့ လိုက်၍ ပြလိုက်သည်။ သို့သော် သူသည် ဂိတ်ဝကို လက်ညှိုးထိုးကာ ထိုးကာဖြင့် "ဖေဖေ အထဲဝင်မယ်" ဟုသာ တစာစာ ဆိုလေသည်။

နှစ်ကျပ်တန်းဂိတ်ဝတွင် ကျွန်တော်၏မိတ်ဆွေ ကိုဗိုလ်တင်ကို မြင်ရ၏။ ကျွန်တော် သူ့ကိုပြောပြီး ရုံထဲသို့ ခေတ္တဝင်လိုက်သည်။ မောင်ဝန်ချင်းသည် ဝမ်းသာပျော်မြူးနေ၏။

ပိတ်ကားပြင်ထက်တွင် မေရှင်ကို တွေ့ရ၏။ အတန်ငယ်ကြာမှ ပြနေသော ဇာတ်ကားမှာ 'ချိန်တန်ပြီ' ဖြစ်နေသည်ကို သိရသည်။

ကျွန်တော်သည် ခုံလွတ်များရှိရာသို့သွား၍ ထိုင်လိုက်သည်။

mgyoe.com

mgyoe.com



မောင်ဝန်ချင်းကိုမူ ကျွန်တော့်အပေါ်မှာပင် ထိုင်စေရ၏။

"ဟာ... မောင်ချင်းစိန် သူငယ်ချင်း မင်းဘယ်တုံးကလာသလဲ၊ ဒါမင်းသားလားကွ၊ ဘယ်နှခါလည်ပလဲ"

အသံကြားရုံဖြင့် ကျွန်တော့်ငယ်သူငယ်ချင်းဟု သိလိုက်သည်။ ကွဲနေကြသည်မှာ မုံရွာမီးလောင်ပြီးကတည်းက ဖြစ်ရာ နှစ်နှစ်ကျော်လေပြီ။

"ဟာ ဘမြိုင်ပါလား၊ ငါရောက်တာ မကြာသေးဘူး၊ နှစ်ရက်ပဲရှိသေးတယ်၊ ဒါ ငါ့သားပေါ့၊ နှစ်ခါလည်နဲ့ လေးလရှိပြီ"

သူ့အမေးကို အပြေဖြေလိုက်ပြီး သူ့ကို ပြန်၍မေးသည်။

"မင်း ဘယ်မှာနေလဲ၊ ဘာလုပ်နေသလဲ"

သူက...

"ငါလား ဖိုထောင်ထားတယ်ကွ၊ ဆူးလေကုန်းမှာပဲ နေတာပေါ့"

ကျွန်တော်က ...

"မင်းကိုယ်ပိုင်ဖိုလား၊ ကောင်းပါလေ့ကွာ၊ ငါကတော့ ရွှေတိဂုံရောက်တိုင်း သတိရတယ်။ ဇဟန်းဘက်ကတက်ရင် ကြားတောရလမ်းမှာ "မော်လမြိုင်ရွှေပန်းထိမ်"ဆိုတဲ့ ဆိုင်းဘုတ်ရှိတယ်။ အဲဒါကိုမြင်တိုင်း မင်းကို သတိရတယ်"

ဘမြိုင်က ရယ်နေသည်။

"ငါ့သူငယ်ချင်းလည်း သည်လို ကြီးပွားနေပလားလို့ပေါ့လေ" ဟု ပြောပြီး သူ့စကားသူ သဘောကျကာ ရယ်ပြန်သည်။

"မင်း အခု ကလေးဘယ်နှယောက် ရှိပြီလဲ"

သူကမေးပြီး ချောကလက်ထုတ်တည်သည်။

"နှစ်ယောက်ကွ"

"အငယ်က"

mgyoe.com

mgyoe.com


"အငယ်ကလည်း ယောကျ်ားလေးပဲ၊ မောင်ဇော်ချင်းတဲ့၊ လေးလပဲ ရသေးတယ်"

သူ တည်သော ချောကလက်ကိုဝါးရင်း သားကို ငုံ့၍ကြည့်မိ၏။ ရင်ခွင်ထက်ကသား မောင်ဝန်ချင်းမှာ ရုပ်ရှင်ကို စိတ်ပါလက်ပါ ကြည့်နေလေသည်။

သူက...

သူငယ်ချင်း မင်းရောက်နေတာနဲ့ အတော်ပဲ၊ သန်ဘက်ခါ ဆုတောင်းပြည့်ဘုရားကို ရွှေသင်္ကန်းလှူမလို့ကွ၊ အဲဒါ မင်း လာဖြစ်အောင် လာခဲ့ပါဦး၊ မင်း ဘယ်လောက်ကြာဦးမှာတုံး"

ကျွန်တော်က ...

"ငါ ခွင့်တစ်လယူလာတာ နေဦးမှာပေါ့၊ မင်းတော့ကွာ မိန်းမလည်းမယူ၊ သားမယားလည်း မရှိနဲ့၊ နင်းကန်လှူပစ်နေတာပဲ၊ သဿတဒိဋ္ဌိကြီးနဲ့သေတဲ့ ဟိုဘက် ဘာဖြစ်ချင်လို့ ညာဖြစ်ချင်လို့ဆိုပြီး နင်းကန်လှူနေတာ၊ ငါ မကြည်ညိုတတ်ဘူးကွ မလာပါရစေနဲ့"

သူက ငယ်ငယ်တုန်းကလို ကျွန်တော့်နံဘေးကို လက်သီးဖြင့် အသာထိုးလိုက်ပြီး...

"ဟေ့ကောင် မောင်ချင်းစိန်၊ မင်းဟာ မင်းဘဝ မရှိချင်နေပါ၊ ငါ့အလှူတော့ လာဖြစ်အောင်လာခဲ့ကွာ၊ မင်းမိန်းမလည်း ခေါ်ခဲ့ပါ" ဟု ပြောနေသည်။

ကျွန်တော်က...

"အမယ်... ဝေးသေးတယ်၊ ငါ့မိန်းမကသာပြီး မင့်အလှူမျိုး မကြည်ညိုတတ်သေးတယ်၊ အခု သားကလေးနှစ်ယောက်ရထားတော့ ဘိုးအေ ဘွားအေများက ရှင်ပြုဖို့ငွေစုဟဲ့၊ စုဟဲ့နဲ့ အဲ့ဒါငါ့မိန်းမက သားတွေ ရှင်မပြုဘူးတဲ့ မောင်ရေ။ ရှင်ပြုခြင်း၏ အဓိပ္ပာယ်ကို နားမလည်ဘဲ

mgyoe.com

mgyoe.com



သားတွေကို သက်န်းဝတ်မပေးဘူးတဲ့ မောင်၊ မင်း... ရွှေသင်္ကန်းကြီးကပ် ရာတော့ လာပါလိမ့်မယ် ရီရီက”

“အေး နက်ဖြန် ရီရီချင်းကို ငါကိုယ်တိုင် လာဖိတ်မယ်။ မင်းတို့ လင်မယား မလာရင် သိကြရောပေါ့”

ဘမြိုင်သည် ချောကလက်တစ်ခုကို စက္ကူခွာပြီး ဝါးနေသည်။

ကျွန်တော်က...

“မင်းကလည်းကွာ... ဆုတောင်းပြည့်ဘုရားမှ ရွှေချရမယ်လို့” တကယ်ဆို ထုံးသင်္ကန်းရုံနေတဲ့ စေတီတွေ ချပါတော့လား။ မင်း ဆုတောင်းပြည့်က လူတကာ ရွှေချလွန်းလို့ အိနေပြီ၊ ကြာရင် မဟာမြတ်မုနိကို မီတော့မယ်”

ဘမြိုင်...

“ဒါကတော့ ငါ့စေတနာနဲ့ ငါကိုးကွ”

ကျွန်တော်...

“အေးပါလေ... မင်းတို့စကားပုံနဲ့ မင်းတို့ပါပဲ။ ရွှေမရှိတဲ့ ဘုရား လူမရှိသေတာပေါ့၊ တကယ်ဆိုရင် ညောင်ပင်ဈေးရပ်က နဂါးရုံဘုရား ဆိုတာ ထုံးသင်္ကန်းတောင် တစ်နှစ်မှတစ်ခါ ဘုရားပွဲလုပ်မှ ရုံနေရရှာ တာ။ အဲသည်ဘုရားကို ရွှေချဖို့ကောင်းတယ်”

ဘမြိုင်က...

“နဂါးရုံစေတီကြီးတစ်ခုလုံး ရွှေချနိုင်အောင်လည်း ငါ ချမ်းသာ တာ မဟုတ်သေးဘူးကွ”

“အံမယ်... မင်းပန်းထိမ်ဖိုလာအပ်တဲ့ ရွှေတွေစုပြီး ချလိုက်ပါလား ကွ။ နောင်ဘဝကြီးမှာ ရွှေလိုဝင်းပြီး နတ်သားလှလှလေးဖြစ်၊ တစ်ဖက် နတ်သမီးငါးရာနဲ့ ခံစားရမှာပဲ။ ခုဘဝ သည်လောက်တော့ အနာခံလိုက် ပေါ့”

mgyoe.com

mgyoe.com


ကျွန်တော်က သူ့ကို ချွတ်လိုသောဆန္ဒဖြင့် ပြောလိုက်သောအခါ သူသည် ပြုံးပြုံးပျာပျာဖြင့်ပင် ပြန်၍ပြောရှာ၏။

"ဟော့ကောင်... ခွေးလောင်း၊ အပ်ထည်တွေ အလွဲသုံးစားမှုနဲ့ ငါ့ဖိုကလေးပြုတ်အောင် ကြံတာလားဟင်။ နတ်သားမဖြစ်ခင် ထောင်သားဖြစ်မယ့် ကိစ္စပဲကွ"

ကျွန်တော်က သူ့ဘက်လှည့်၍ ပြုံးလိုက်သည်။

"နို့... မင်း နောင်ဘဝကြီးကောင်းစားဖို့ သဿတအယူကြီးနဲ့ လှူဒါန်းနေတာ မဟုတ်လား။ များများလှူပြီး မြန်မြန် နတ်ပြည်သွားနေပေါ့ကွ"

ဘမြိုင် ငြိမ်နေလေသည်။ အယူချင်းမတူ၍ သူ ဘာမျှပြောလိုဟန် မရှိတော့ချေ။

ကျွန်တော်က...

"ငါသာ မင်းလို ပိုက်ဆံချမ်းသာရင် ရွှေရှိတဲ့ဘုရားတော့ ရွှေမချဘူးကွာ။ ထုံးသုတ်ထားတဲ့ စေတီတွေဟာ နေရောင်မှာ သိပ်တောက်ပတယ်။ အနီးအနားက လူတွေရဲ့မျက်စိကို ဒုက္ခပေးတယ်။ လူတွေဟာ တောက်ပတဲ့ ထုံးအဖြူရောင်ကို ကြည့်မြင်နေရဖန် များတော့ မျက်စိမွဲတတ်တယ်။ သည်ဒုက္ခကြီးမှ ကယ်တင်ခြင်းအလို့ငှာ ငါတော့ ထုံးသုတ်တဲ့ စေတီတွေ ရွှေချပစ်ချင်တယ်။ မင်းလို နောင်ဘဝကြီးအဖို့ ချမ်းသာသုခတွေ မရည်ရွယ်ပါဘူး။ အရပ်ထဲက လူတွေ မျက်စိမွဲကုန်ကြမှာစိုးတဲ့ စေတနာအရင်းခံကြောင့်ပါ"

ဘမြိုင်သည် ပတ်ဝန်းကျင်ကို ကြည့်လိုက်ကာ...

"ကဲ... မောင်ချင်းစိန်၊ ဟိုဘက်နားမှာလည်း သံဃာတော်တွေ ရှိတယ်၊ မင်း ဓမ္မန္တရာယ်ဖြစ်နေလိမ့်မယ်။ မင်းစကားတွေ ရပ်တော့ကွာ" ဟု တောင်းပန်နေသည်။

mgyoe.com

mgyoe.com



ကျွန်တော်က…

“ဒီမယ် သူငယ်ချင်း၊ ဓမ္မန္တရာယ်ဆိုတာ ဘုရားလက်ထက်ကတည်းက ရှိပါတယ်။ တိုင်းပြည်မှာ ခေတ်မစားခင်ကတည်းက ငါတို့သုံးလာတာပါ။ ဗုဒ္ဓဘာသာကျောင်းမှာ ကျောင်းဆရာလုပ်တုန်းက ဆရာသိန်းနဲ့ ငါနဲ့ အယူဝါဒတူ ဆွေးနွေးကြတယ်။ တခြားဆရာတွေနဲ့ အယူမတူလို့ ဓမ္မန္တရာယ်ဖြစ်မှာစိုးလို့ မဆွေးနွေးဘူး”

“ကဲ… သူငယ်ချင်း၊ သန်ဘက်ခါ ရွှေသကၤန်းကပ် လာဖြစ်အောင်လာပါကွာ၊ တို့ငယ်သူငယ်ချင်းတွေထဲက မင်းရယ်၊ စီစီရယ် ဒါပဲရှိတယ်”

“မင်းက ငါ့ကိုတောင် နှင်နေပြီလားကွ၊ သွားမှာပါပဲမောင်၊ သားတော်မောင် ပူဆာလို့ ဝင်ပြရတာပါ” ဟု ဘမြိုင်အားပြောရင်းက မောင်ဝန်ချင်းကို ကြည့်ကာ…

“ကဲ သားသား သွားကြစို့၊ အိမ်မှာ ညီညီနဲ့မေမေက သားသားကို မျှော်နေကြပြီ၊ နောက်ညမှ တစ်ခါကြည့်မယ်” ဟု ပြောလိုက်ရာ မောင်ဝန်ချင်းသည် “ဟုတ်ကဲ့” ဟု ခေါင်းညိတ်ပြလေသည်။

ကျွန်တော်သည် မောင်ဝန်ချင်းကိုချီ၍ ဘမြိုင်ကို နှုတ်ဆက်ကာ မြစန္ဒာရုံထဲမှ ထွက်ခဲ့လေသည်။

* * *

မြစန္ဒာမှ ထွက်ခဲ့ပြီး မြူနီစီပယ်ရုံးကြီးဘက်သို့ လျှောက်လာခဲ့သည်။

မြူနီစီပယ်ရုံးကြီး၏ ဘေးမှကပ်လျက် အဆောက်အအုံ အသစ်တစ်ခု ပေါ်ပေါက်နေလေသည်။ နီယွန်မီးချောင်းများ၏ အရောင်ဖြင့်ထိုအဆောက်အအုံမှ ဝင်းဝါသော ရွှေစာလုံးကြီးများကို မြင်နိုင်သည်။

“မြို့တော်ခမ်းမ”

mgyoe.com

mgyoe.com



ကျွန်တော် ဒေါသဖြစ်မိလေသည်။ မုံရွာမြို့တွင် "သတ်ပုံကျွမ်းကျင်သူ" ဤမျှ ရှားပါးပါသလော။ "မြို့တော်ခန်းမ" ကိုမှ "နသတ်" ရမည်လား၊ "မသတ်" ရမည်လား မသိကြသော မြူနီစီပယ်လူကြီးများ ပါကလား။

"ဖေဖေ ဘုရားသွားမယ်"

ရွှေစည်းခုံစေတီရှေ့သို့ ရောက်လာသဖြင့် မောင်ဝန်ချင်းက ပြောနေသည်။

ရွှေစည်းခုံစေတီသည် တောင်ဘက်၌ မုခ်ပေါက်နှစ်ပေါက် ရှိလေသည်။ ဘုရားအာရုံခံနှင့် တည့်တည့်တစ်ပေါက်၊ ထိုအရှေ့ဘက်က ဝိပဿနာအသင်းတိုက်ဘေးတွင် တစ်ပေါက် ဖောက်ထားလေသည်။

ကျွန်တော်သည် အာရုံခံနှင့်တည့်တည့် မုခ်ပေါက်မှ ဝင်သည်။

ဘုရားအာရုံခံထဲ ရောက်လျှင် မောင်ဝန်ချင်းသည် ကြေးစည်နှင့် ထိုးစည်များကို လက်ညှိုးထိုးပြကာ "ဖေဖေ တီးမယ်" ဟု ဆိုလေတော့သည်။ ကျွန်တော်က ကြေးစည်နှင့် ထိုးစည်ကို လေး–ငါးချက်စီ တီးပြပေးသောအခါ သူ ကျေနပ်သွားလေသည်။

အပြန်တွင် ဝိပဿနာအသင်းတိုက် မုခ်ပေါက်မှထွက်ရန် အရှေ့ဘက်သို့ ဆက်လက်လျှောက်ခဲ့သည်။ တန်ဆောင်းသို့ အဆင်းတွင် ဝဲယာတစ်ဖက်တစ်ချက်၌ ခေါင်းလောင်းတစ်လုံးစီ ရှိသည်။ မောင်ဝန်ချင်းကား တူရိယာဂီတကို အလွန်ခုံမင်လှသူဖြစ်ရာ ဘုရားထဲက ကြေးစည် ခေါင်းလောင်းပင် မချန်လှပ်ချေ။

ဝိပဿနာအသင်းတိုက် မုခ်ပေါက်မှဆင်း၍လာရာ မုခ်ဝတွင် သူတောင်းစား သုံး–လေးဦး ထိုင်နေကြသည်။ ရှေ့တွင် ခွက်ကလေးတွေ ကိုယ်စီချ၍ထားကြလေသည်။

"ဖေဖေ ပိုက်ဆံထည့်မယ်"

mgyoe.com

mgyoe.com



မောင်ဝန်ချင်းက တောင်းဆိုပြန်သည်။ သူသည် ဆွမ်းတော်ကြီးလာလျှင်၊ အလှူခံလာလျှင် ပိုက်ဆံထည့်ရမှ ကျေနပ်သည်။ ထမင်းကျန်ဟင်းကျန် တောင်းသူလာလျှင် ထမင်းပေးရမှ ကျေနပ်သည်။ သူသည် ဤမျှ ငယ်ငယ်ကပင် တစ်ဖက်သားအပေါ် ပြည့်စုံစေလိုသောစေတနာရှိလေသည်။

ကျွန်တော်က ငါးပြားစေ့ တစ်စေ့ကို သူ့လက်ထဲသို့ ထည့်လိုက်လျှင် သူသည် လက်ဦးတွေ့သော သူတောင်းစားကို လက်ညှိုးထိုးပြ၍ ထိုသူ့အနီးသို့ သွားရသည်။ မောင်ဝန်ချင်းက ငါးပြားစေ့ကို ခွက်ထဲထည့်လိုက်လျှင် ထိုလူသည် မော်၍ကြည့်လိုက်သည်။

"ဟယ်... မောင်ကံကြီး မင်း ဘယ်လိုဖြစ်တာလဲကွယ်၊ ပြောစမ်း... ငါ့ကို ပြောပြစမ်း"

ကျွန်တော်သည် မောင်ဝန်ချင်းကို အောက်သို့ချလိုက်ပြီး မောင်ကံကြီးအနီးတွင် ဆောင့်ကြောင့်ထိုင်လိုက်သည်။

မောင်ကံကြီးသည် ကျွန်တော့်ကိုစိုက်ကြည့်ကာ မျက်ရည်တွေဝိုင်းနေရှာလေသည်။

"ကျွန်တော့်အပြစ်နဲ့ ကျွန်တော်ပါ ဆရာ၊ ကျွန်တော့်ကိုယ်ကျွန်တော် ဒဏ်ခတ်တာပါ"

"ပြောစမ်းပါဦး၊ မင်းမှာ ဘာအပြစ်ရှိလို့လဲ"

ကျွန်တော်က သူ၏လက်ကိုကိုင်၍ လှုပ်ကာ မေးလိုက်သည်။ သူသည် အုတ်သမံတလင်းပေါ်တွင် တင်ပျဉ်ခွေထိုင်နေရာမှ ကျွန်တော်ကဲ့သို့ ဆောင့်ကြောင့်ပြင်၍ ထိုင်လိုက်သည်။

"ကျွန်တော့်အပြစ်က..."

သူသည် သူ့စကားကိုရပ်လိုက်ကာ ဆေးပတ်ဝန်းကျင်ကို လှမ်း၍ကြည့်လိုက်သည်၊ ပြီးမှ...

mgyoe.com

mgyoe.com


"ရွှေတစ်မတ်သား ခိုးမိလို့ပါ ဆရာ" ဟု ကျွန်တော်ကြားသာရုံ လေသံခပ်တိုးတိုးဖြင့် ပြောလေသည်။

ကျွန်တော်သည် ဤနေရာ၌ သူ၏အဖြစ်အပျက် အလုံးစုံကို မေး၍ မသင့်လျော်ဟု ယူဆပြီး လမ်းလျှောက်ရင်း မေးမြန်းပြောဆိုကြရန် ချက်ချင်း ဆုံးဖြတ်လိုက်သည်။ ထို့နောက် သူ့ဘေးတွင်ရှိသော ဒန်ခွက်ငယ်ကလေးကို လှမ်းကြည့်လိုက်သည်။ ခွက်ထဲတွင် အကြွေများ မျှာ နှစ်ကျပ်ကျော်ကျော် သုံးကျပ်ခန့် ရှိပေလိမ့်မည်။

ကျွန်တော်သည် ရုတ်ခြည်းပင် သူ၏ခွက်ကို လှမ်းယူလိုက်ပြီး အကြွေများကို အားလုံး သွန်ယူလိုက်သည်။ ထို့နောက် သူ၏အင်္ကျီအိတ်ကပ်ထဲသို့ အကြွေများကို ထည့်ပေးလိုက်၏။ ခွက်ကိုမူကား ဝေးရာသို့ တအား လွှင့်၍ပစ်လိုက်ပေသည်။

မောင်ဝန်ချင်းသည် ခွက်ကလေးလွင့်ရာသို့ လှမ်းကြည့်နေသည်။ အနီးတွင်ရှိကြသော သူတောင်းစားနှစ်ဦး၊ သုံးဦးကလည်း ကျွန်တော့်ကို အံ့သြစွာ ကြည့်နေကြလေသည်။

"ကဲ မောင်ကံကြီး ငါနဲ့လိုက်ခဲ့ကွာ၊ စကားပြောကြရအောင် ပေါ့"

ကျွန်တော်သည် မောင်ဝန်ချင်းကို လက်ပေါ်တွင် ချိုလိုက်သည်။ ဖိနပ်ကို ယူမည်ပြုသောအခါ မောင်ကံကြီးသည် ကျွန်တော့်အလျင် ဦးအောင် လျင်မြန်စွာ လှမ်းယူလိုက်ပြီး ထိုင်ရာမှ ထလေသည်။

သူသည် မုခ်ဝတွင် ကျွန်တော့်ဖိနပ်ကို ကျွန်တော်၏ရှေ့တွင် စုံ၍ ချပေးသည်။ သူကား သူ၏ခါးတွင်ထိုးထားသော သားရေဖိနပ်အစုတ်ကလေးကို ချ၍ စီးလေသည်။ ဘုရားတန်ဆောင်းအတွင်း၌ကား သူတောင်းစားများသည် သူတို့အချင်းချင်း ပြောဆိုရယ်မောနေသံကို ကြားရလေသည်။ သူတို့သည် ကျွန်တော့်အား သရော်ပြောင်လှောင်ကြ

mgyoe.com

mgyoe.com


သထင်။

ကျွန်တော်နှင့် မောင်ကံကြီးတို့သည် တစ်လမ်းလုံး စကားပြောဆို၍ လာကြသည်။ ဝိပဿနာအသင်းတိုက်မှ အရှေ့သို့လျှောက်ပြီး အလုံလမ်းပေါ်ရောက်လျှင် တောင်သို့ ဆက်၍ လျှောက်ခဲ့ကြသည်။ ထို့နောက် မြင်းမူလမ်းမှဖဲ့ကာ ဆန်တန်းသို့ ချိုးကွေ့ခဲ့ကြပြီး ကျွန်တော်မှုကား အိမ်သို့ ပြန်လာခဲ့ပေသည်။

ခွဲခါနီးတွင် သူသည် ကျွန်တော့်အား မြတ်နိုးစွာကြည့်ရှုလျက် နှုတ်ဆက်သွားလေသည်။

"စိတ်ချပါဆရာ၊ ကျွန်တော်တောင်းရတဲ့ ငွေကလေး ၄၀ ကျပ်ကျော်နဲ့ ဆရာဖြည့်ပေးတဲ့ ငွေအစိတ်ပါ ၆၅ ကျပ်တိတိကို ကျွန်တော့်ဆရာဆီ သွားပြီး ကျေနပ်အောင် တောင်းပန်ပြီး ပေးလိုက်ပါ့မယ်။ ကျွန်တော်လည်း ဆရာ့ ဆီကို လာပါဦးမယ်ဆရာ၊ ကဲ ကျွန်တော်သွားပြီ ဆရာ"

မောင်ကံကြီး ကျွန်တော့်အပါးမှ ထွက်ခွာသွားသောအခါ ကျွန်တော်သည် သား မောင်ဝန်ချင်းအား ကျွန်တော်၏ သဿတအယူ မျှော်လင့်ချက်ကြီးမပါသော အလှူဒါနအတွက် ကြည်နူးဝမ်းသာစေရန် သူ နားလည်အောင် ပြောပြလိုက်သည်။

"သားသား အခုထွက်သွားတဲ့လူဟာလေ ခွက်ကလေးတစ်လုံးနဲ့ ပိုက်ဆံတောင်းနေရှာတယ်။ သားသားက သူ့ကို ပိုက်ဆံငါးပြား ပေးလိုက်တယ်၊ ဖေဖေ သူ့ကို နှစ်ဆယ့်ငါးကျပ် ပေးလိုက်တယ်။ သူ အခု မတောင်းရတော့ဘူး၊ သားသား ဝမ်းမသာဘူးလား"

မောင်ဝန်ချင်းက ဖြေသည်။

"ဟုတ်ကဲ့ သားသား ဝမ်းသာတယ်"

* * *

mgyoe.com

mgyoe.com


အိမ်သို့ပြန်ရောက်၍ အိပ်ရာဝင်ခဲ့သော်လည်း ကျွန်တော်သည် တော်တော်နှင့် အိပ်မပျော်ပေ။ မောင်ဝန်ချင်း အိပ်ချင်ပြီဆို၍ သူ့အား လူ့သမိုင်းကို ပုံပြောသည့်သဖွယ် ပြောပြပြီး ကျောကိုပွတ်၍ သိပ်ပေးရသည်။ သားအငယ် မောင်ဇော်ချင်းကား အိပ်နှင့်ပေပြီ။

မောင်ဝန်ချင်း အိပ်ပျော်သွားလျှင် ကျွန်တော်သည် ဇနီးသည် ရီရီချင်းအား မောင်ကံကြီးအကြောင်းကို ပြောပြနေမိသည်။ ကျွန်တော်ကိုယ်တိုင်လည်း သူ့အကြောင်းကို တွေးတောကာ အိပ်မပျော်နိုင်အောင် ရှိပေသည်။

မောင်ကံကြီး၏ ဝတ္ထုကား သနားကြင်နာဖွယ်ရာလည်း ကောင်းသည်။ မြတ်နိုးခင်တွယ်ဖွယ်ရာလည်း ကောင်းသည်။

သူသည် ဗုဒ္ဓဘာသာကျောင်းတွင် ၈ တန်းအထိ နေသွားဖူးပေသည်။ သူသည် မုံရွာမြို့ပေါ်က မဟုတ်၊ မုံရွာမြို့တောင်ဘက် သက်ကယ်ကျင်းရွာမှ ဖြစ်သည်။ သူတို့ရွာမှာ ဘုန်းကြီးကျောင်းသာရှိသဖြင့် မုံရွာမြို့ပေါ်တက်ပြီး အတန်းကျောင်းသို့ လာနေခြင်းဖြစ်သည်။

သူ့အဖေဦးစိုးမှာ အသက် ၆၀ ခန့် ရှိနေပြီဖြစ်သော အဘိုးကြီးဖြစ်သည်။ အမေ ဒေါ်အိုးမှာလည်း ၅၀ ကျော်နေပြီဖြစ်သော အမယ်ကြီးပင် ဖြစ်သည်။ ဦးစိုးသည် အိမ်ကနေပြီး သစ်သားဘီး ခုတ်လုပ်ပေးသည်။ ဒေါ်အိုးက တောင်းပက်တစ်ခုဖြင့် ဘီးရွက်ကာ မုံရွာမြို့ပေါ်တက်ရောင်းလေသည်။ မုံရွာဈေးသစ်အတွင်းမှာ ဖင်တစ်နေရာစာနှင့် တောင်းတစ်နေရာစာအတွက်ကို နေ့စဉ် ဈေးကောက် တစ်မတ်ပေးပြီး ဘီးရောင်း၍ သားကို ကျောင်းထားရှာလေသည်။

ကျွန်တော် ဗုဒ္ဓဘာသာကျောင်းတွင် ၁၉၅၄ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ကျောင်းဆရာလုပ်နေစဉ်မှာ သူသည် ၆ တန်းမှစပြီး ၇ တန်းအထိ ကျွန်တော့်အတန်းပိုင်တွင် နေရလေသည်။

mgyoe.com

mgyoe.com


ကျောင်းများတွင် နံနက်ပိုင်း ကျောင်းတက်စမှာ မိနစ် ၂၀ တိတိ ဘာသာရေးသင်ခန်းစာများ ပို့ချရန် အချိန်သတ်မှတ်ထားပေသည်။ တစ်ကျောင်းလုံးတွင် ကျွန်တော်တစ်ဦးသာလျှင် ဘာသာရေးသင်ခန်းစာ မှန်မှန်ပို့ချသော ဆရာရှိသည်။

ကျွန်တော်သည် ကျွန်တော်၏ အတန်းပိုင်များဖြစ်ခဲ့သော ဆဋ္ဌမတန်း(က)နှင့် သတ္တမတန်း(က) တို့တွင် နှစ်နှစ်လုံးလုံး ဘာသာရေးသင်ခန်းစာများ ပို့ချခဲ့ပေသည်။ ဘာသာရေး သင်ခန်းစာဆိုသည်ထက် ဘာသာရေးဟောပြောချက်ဟုဆိုလျှင် ပို၍ မှန်ကန်မည်ထင်မိသည်။

ကျွန်တော်သည် ကျွန်တော်၏ အတန်းပိုင်တွင် ဗုဒ္ဓဝင်ကို လူ့သဘာဝနှင့် အနီးစပ်ဆုံး၊ အဖြစ်နိုင်ဆုံး တွေးတော၍ ပြောခဲ့သည်။ ဘုရားရှိခိုးများနှင့် ဓမ္မစကြာသုတ်ကို မြန်မာစကားဖြင့် ရှင်းလင်းနိုင်သမျှ ရှင်းလင်းအောင် ပြောပြသည်။ ကျောင်းသူ ကျောင်းသားများအားလည်း ပါဝင်ဆွေးနွေး မေးမြန်းစေသည်။

ကျောင်းသားများထဲတွင် မောင်သိန်းအောင်၊ မောင်မြင့်အေး၊ မောင်ချစ်ဝေ၊ မောင်ထွန်းရှိန်နှင့် မောင်ကံကြီးတို့သည် ကျွန်တော် ပြောပြသည်တို့ကို လက်ခံဆွေးနွေးနိုင်သောသူများ ဖြစ်ကြလေသည်။

၁၉၅၇ ခုနှစ်တွင် မုံရွာမြို့ကို မီးကြီးလောင်သောအခါ ကျွန်တော်သည် ကျောင်းဆရာအလုပ်မှထွက်ပြီး ရန်ကုန်တက္ကသိုလ်သို့ ပြန်၍ ကျောင်းဆက်တက်နေသည်။ ထိုအခါမှစပြီး မောင်သံကြီးနှင့် ကွဲကွာခဲ့ကြ၏။

ထိုနှစ်တွင် မောင်ကံကြီးသည် ကျောင်းတွင် မပျော်ပိုက်သဖြင့် ကျောင်းမှ ထွက်လိုက်လေသည်။ ကျောင်းထွက်ပြီးနောက် သူသည် မုံရွာမြို့ ပန်းထိမ်ဖိုတစ်ခုတွင် ပန်းထိမ်ပညာကို သင်ယူနေလေသည်။

ပန်းထိမ်ဆရာတို့သည် အဖိုးများစွာ ထိုက်တန်သော ရွှေနှင့်

mgyoe.com

mgyoe.com


ကျောက်မျက်ရတနာအမျိုးမျိုးကို ကိုင်တွယ်နေသူများဖြစ်ရာ ရိုးသားသော ဂုဏ်ပေါ်မှာမှီ၍ နေရသည်။ ပညာသင်တပည့်များကို လက်ခံ၍ မွေးလျှင်လည်း ရိုးသားသောသူများကိုသာ ရွေးချယ်လက်ခံလေသည်။

မောင်ကံကြီးကို အလွန်ရိုးသားသည်ဟု သူ၏ဆရာက ဝမ်းမြောက်စွာ လက်ခံ၍ ပညာသင်ပေးသည်။ ပန်းထိမ်အနုပညာကို ခုံမင်မြတ်နိုးသူဖြစ်၍လည်း ဆရာ၏ အရေးပေးခြင်းကို ခံရလေသည်။ သူသည် ၁၀ လ လောက်အတွင်းမှာပင် ရွှေပြားခတ်ခြင်း၊ နန်းဆွဲခြင်း၊ တုန်းချောလက်ကောက်၊ စွန်ငုတ်လက်စွပ်၊ အမ်မ်စီကြိုး၊ ရုပ်ကြိုး၊ နားဆွဲတို့ကို ကောင်းစွာ လုပ်နိုင်လေရာ ပညာတတ်လွယ်သည်ဟု သူ့ဆရာ၏ လက်ခစားအဖြစ် လုပ်ကိုင်ခွင့်ပေးထားခြင်းကို ခံရလေသည်။

ထိုဆရာထံတွင် တစ်နှစ်ခန့်ကြာသော် သူ့ဖခင်ကြီး ဦးစိုးသည် လူကြီးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သွားလေသည်။ လင်သည် ဘီးခုတ်ပေးမှ ဘီးရောင်းစားရသော သူ့မိခင်ဒေါ်အိုးအဖို့ လင်သည်ဦးစိုးအား သင်္ဂြိုဟ်ရန် အသပြာ စုပြီးဆောင်းပြီး မရှိချေ။ မောင်ကံကြီးမှာလည်း ယခုမှ လက်ခစားအဖြစ် လုပ်ကိုင်ရခါစဖြစ်၍ ငွေပိုမရှိရှာချေ။

သူ့အဖို့ကား သေဆုံးလေပြီဖြစ်သော ဖခင်အလောင်းအတွက် သူကိုယ်တိုင်ကျင်းတူးပြီး ကိုယ်တိုင်ထမ်း၍ မြေမြှုပ်နိုင်သည်။ သူ့မိခင်ကြီးအဖို့ကား အကျဉ်းဆုံး ဘုန်းကြီးလေး သုံး–လေးပါးနှင့် ကန်တော့ပွဲလေးပြင်ပြီး သရဏဂုံတင်ရမှ ဖြစ်မည်။ မသာချရာတွင်လည်း မသာပို့သူများအား ဆေးလိပ်၊ မီးခြစ်ကလေး ကမ်းရမှဖြစ်မည်။ အရပ်ထဲက ဆွမ်းတော်ကြီး ငှားနိုင်ဦးမှဖြစ်မည်။ ငွေကလေး ကိုးဆယ်တစ်ရာတော့ အကုန်ခံမှ ရွာခလေ့အလိုက် တင့်တောင့်တင့်တယ် ချနိုင်မည်။ ထိုငွေတစ်ရာ အဘယ်မှာရှိသနည်း။

ဒေါ်အိုးသည် သူ၏လက်ရှိဘီးများကို ဈေးလျှော့၍ မုံရွာဈေးသစ်

mgyoe.com